## အမေရိကန်ကုန်သွယ်မှုကိုယ်စားလှယ်ရုံးက ၂၀၂၅ ဘဏ္ဍာနှစ်အတွက် ကြံသကြားကုန်ကြမ်း (Raw Cane Sugar)၊ သန့်စင်ပြီးသကြား (Refined and Specialty Sugar) နှင့် သကြားပါဝင်သော ထုတ်ကုန်များ (Sugar-Containing Products) တင်သွင်းခွင့်ခွဲတမ်းသတ်မှတ်ထုတ်ပြန်ခြင်း

၁။ ၂၀၂၅ ဘဏ္ဍာနှစ် (၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်အထိ) အတွက် ကြံသကြားကုန်ကြမ်း (Raw Cane Sugar)၊ သန့်စင်ပြီးသကြား (Refined and Specialty Sugar) နှင့် သကြားပါဝင်သော ထုတ်ကုန်များ (Sugar-Containing Products) တင်သွင်းခွင့်ဆိုင်ရာ အကောက်ခွန်နှုန်းထားခွဲတမ်းစနစ် (Tariff-rate quotas – TRQs) အရ အမေရိကန်နိုင်ငံက သီးခြားသတ်မှတ်ခွင့်ပြုထားသည့်နိုင်ငံများအတွက် ဦးရာစနစ်ဖြင့် ခွဲတမ်း သတ်မှတ်ပေးခြင်း (First-come, First-served in-quota allocations) နှင့်စပ်လျဉ်း၍ အမေရိကန် ကုန်သွယ်မှုကိုယ်စားလှယ်ရုံးက ထုတ်ပြန်ခဲ့သည်။

၂။ အကျိုးခံစားခွင့်ရရှိသည့်နိုင်ငံအနေဖြင့် TRQs သတ်မှတ်ချက်ပါ ခံစားခွင့်ရရှိသည့်ပမာဏအတွက် အကောက်ခွန်နှုန်းထားအနည်းငယ်ဖြင့် အမေရိကန်နိုင်ငံသို့ တင်ပို့နိုင်မည်ဖြစ်ပြီး သတ်မှတ်ကန့်သတ်ဘောင်ထက် ကျော်လွန်သည့်ပမာဏကို အကောက်ခွန်နှုန်းအမြင့်ဖြင့် တင်သွင်းရမည်ဖြစ်သည်။

၃။ အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာန၊ နိုင်ငံခြားစိုက်ပျိုးရေးထုတ်ကုန်များ ဝန်ဆောင်မှုဆိုင်ရာ ခေတ္တအုပ်ချုပ်ရေးမှူးက ၂၀၂၅ ဘဏ္ဍာနှစ်အတွက် ကြံသကြားကုန်ကြမ်းအတွက် ခွဲတမ်းအရေအတွက် သတ်မှတ်ချက် (In-quota quantity) ကို ၁၄-၇-၂၀၂၄ ရက်တွင် ကြေညာခဲ့ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization – WTO) သဘောတူစာချုပ်အရ TRQ အောက်၌ အမေရိကန်အနေဖြင့် ၂၀၂၄ ခုနှစ်အတွက် ကတိကဝတ်ပြုထားသည့် ကြံသကြားကုန်ကြမ်း တင်သွင်းခွင့်ပြုမည့် အနည်းဆုံးပမာဏမှာ (၁,၁၁၇,၁၉၅) မက်ထရစ်တန်ရှိပြီး အဆိုပါ ကတိကဝတ်ပြုထားသည့် TRQs ပမာဏ (၁,၁၁၇,၁၉၅) မက်ထရစ်တန်ကို ကုန်သွယ်ဖက်နိုင်ငံများသို့ အောက်ဖော်ပြပါအတိုင်း ခွဲဝေသတ်မှတ်ထားပါသည် -

| နိုင်ငံအမည် | ၂၀၂၅ ဘဏ္ဍာနှစ် ကြံသကြားကုန်ကြမ်း တင်သွင်းခွင့် ခွဲဝေသတ်မှတ်ချက် (မက်ထရစ်တန် (MTRV) ဖြင့် ) |
|---|---:|
| အာဂျင်တီးနား | ၄၆,၂၆၀ |
| ဩစတြေးလျ | ၈၉,၂၉၃ |
| ဘာဘေဒိုးစ် | ၇,၅၃၁ |
| ဘီလဇ်စ် | ၁၁,၈၃၄ |
| ဘိုလီးဗီးယား | ၈,၆၀၆ |
| ဘရာဇီး | ၁၅၅,၉၃၃ |
| ကိုလံဘီယာ | ၂၅,၈၁၉ |
| ကွန်ဂို (ဘရာဇာဗီးလ်) | ၇,၂၅၈ |
| ကော့စ်တာရီကာ | ၁၆,၁၃၇ |
| ကုတ်ဒီဗွာ | ၇,၂၅၈ |
| ဒိုမီနီကန်သမ္မတနိုင်ငံ | ၁၈၉,၃၄၃ |

| နိုင်ငံအမည် | ၂၀၂၅ ဘဏ္ဍာနှစ် ကြံသကြားကုန်ကြမ်း တင်သွင်းခွင့် ခွဲဝေသတ်မှတ်ချက် (မက်ထရစ်တန် (MTRV) ဖြင့် ) |
|---|---|
| အီကွေဒေါ | ၁၁,၈၃၄ |
| အဲလ်ဆာဗာဒေါ | ၂၇,၉၇၁ |
| အက်စ်ဝါတီနီ (ဆွာဇီလန်) | ၁၇,၂၁၃ |
| ဖီဂျီ | ၉,၆၈၂ |
| ဂါဘွန် | ၇,၂၅၈ |
| ဂွာတီမာလာ | ၅၁,၆၃၉ |
| ဂိုင်ယာနာ | ၁၂,၉၁၀ |
| ဟေတီ | ၇,၂၅၈ |
| ဟွန်ဒူးရပ်စ် | ၁၀,၇၅၈ |
| အိန္ဒိယ | ၈,၆၀၆ |
| ဂျမေကာ | ၁၁,၈၃၄ |
| မဒဂ္ဂါကတ်စကား | ၇,၂၅၈ |
| မာလာဝီ | ၁၀,၇၅၈ |
| မောရစ်သျှ | ၁၂,၉၁၀ |
| မက္ကဆီကို | ၇,၂၅၈ |
| မိုဇမ်ဘစ် | ၁၃,၉၈၆ |
| ပနားမား | ၃၁,၁၉၉ |
| ပါပူဝါနယူးဂီနီ | ၇,၂၅၈ |
| ပါရာဂွေး | ၇,၂၅၈ |
| ပီရူး | ၄၄,၁၀၈ |
| ဖိလစ်ပိုင် | ၁၄၅,၂၃၅ |
| တောင်အာဖရိက | ၂၄,၇၄၄ |
| စိန့်ကစ်နှင့်နေဗစ် | ၇,၂၅၈ |
| ထိုင်ဝမ် | ၁၂,၉၁၀ |
| ထိုင်း | ၁၅,၀၆၁ |
| ထရီနီဒက်နှင့်တိုဘာဂို | ၇,၅၃၁ |
| ဥရုဂွေး | ၇,၂၅၈ |
| ဇင်ဘာဘွေ | ၁၂,၉၁၀ |

၄။ အကျိုးခံစားခွင့်ရရှိသည့်နိုင်ငံများသို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ ကတိကဝတ်ပြုထားသည့် ကြံသကြားကုန်ကြမ်း TRQs အရ ခွဲဝေသတ်မှတ်ပေးသည့်ပမာဏသည် ၎င်းအကျိုးခံစားခွင့်ရှိသည့် နိုင်ငံ၏ အသားတင်သကြားပို့ကုန်ဖြစ်ရန်နှင့် ယင်းသကြားပို့ကုန်များသည် သင့်လျော်သော မူရင်း နိုင်ငံသတ်မှတ်ချက် အထောက်အထားပါရှိရမည်။ သွင်းကုန်များသည် ခွဲဝေသတ်မှတ်သည့်ပမာဏ (Quota) အကျုံးဝင်မှုရှိကြောင်း သက်ဆိုင်ရာ TRQs ခံစားခွင့်ရှိသည့်နိုင်ငံ၏ ထောက်ခံချက်ကို တစ်ပါတည်း ပူးတွဲဖော်ပြရမည်။

၅။ အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာန၊ နိုင်ငံခြားစိုက်ပျိုးရေးထုတ်ကုန်များ ဝန်ဆောင်မှုဆိုင်ရာ အုပ်ချုပ်ရေးမှူးက ၂၀၂၅ ဘဏ္ဍာနှစ်အတွက် သန့်စင်ပြီးသကြား (refined sugar)တင်သွင်းမှု TRQs သတ်မှတ်ချက်ပမာဏမှာ (၂၃၂,၀၀၀) မတ်ထရစ်တန်ဖြစ်သည်ဟု ထုတ်ပြန်ခဲ့ပြီး သန့်စင်ပြီးသကြား ဟုဆိုရာတွင် ကြံသကြားပါဝင်မှု ခြောက်သွေ့အနေအထားဖြင့် Polarimeter (၉၉.၅) ဒီဂရီ သို့မဟုတ် ယင်းထက်ပိုသည့်ပမာဏပါဝင်သည့် သကြားဖြစ်ရမည်။ သန့်စင်ပြီးသကြား TRQs ပမာဏသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization – WTO) ၏ သဘောတူစာချုပ်အရ အမေရိကန်နိုင်ငံက ကတိကဝတ်ပြုထားသည့် အနည်းဆုံးပမာဏဖြစ်သည်။ TRQs မတ်ထရစ်တန် (၂၃၂,၀၀၀) အနက် Specialty Sugar တင်သွင်းခွင့်မှာ မတ်ထရစ်တန်(၂၁၀,၀၀၀) ဖြစ်ပြီး ကျန်မတ်ထရစ်တန် (၂၂,၀၀၀) အနက် (၁,၆၅၆) မတ်ထရစ်တန်ကို Specialty Sugar အတွက် အရန်ထားရှိလျက် ကျန် (၂၀,၃၄၄) မတ်ထရစ်တန်ကို သန့်စင်ပြီးသကြား တင်သွင်းခွင့် ပြုသွားမည်ဖြစ်ပါသည်။ အမေရိကန်ကုန်သွယ်မှုကိုယ်စားလှယ်ရုံးက သန့်စင်ပြီးသကြား (refined sugar) TRQs ပမာဏခွဲဝေသတ်မှတ်ချက် မတ်ထရစ်တန် (၂၀,၃၄၄) ကို ကနေဒါနိုင်ငံသို့ (၁၀,၃၀၀) မက်ထရစ်တန်၊ မက္ကဆီကိုနိုင်ငံသို့ (၂,၉၅၄) မက်ထရစ်တန်နှင့် ကျန် (၇,၀၉၀) မက်ထရစ်တန်ကို ဦးရာစနစ်ဖြင့် တင်သွင်းခွင့်ပြုသွားမည် ဖြစ်သည်။

၆။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူစာချုပ်အရ အမေရိကန်နိုင်ငံက ကတိကဝတ်ပြုထားသည့် Specialty သကြားတင်သွင်းမှုကို ဦးရာစနစ်ဖြင့် ခွင့်ပြုပေးသွားမည်ဖြစ်ပြီး Specialty Sugar အတွက် အရန်ထားရှိသည့် (၁,၆၅၆) မတ်ထရစ်တန်ကို ၁-၁၀-၂၀၂၄ ရက်မှစ၍ ပထမအသုတ်အဖြစ်မည်သည့်သကြားအမျိုးအစားကိုမဆို တင်သွင်းခွင့် ပြုမည်ဖြစ်ပါသည်။ ဒုတိယအသုတ်တွင် မတ်ထရစ်တန် (၇၅,၀၀၀) တင်ပို့ခွင့်ကို ၈-၁၀-၂၀၂၄ ရက် တွင်လည်းကောင်း၊ တတိယအသုတ်တွင် မတ်ထရစ်တန် (၄၅,၀၀၀) ကို ၂၁-၁-၂၀၂၅ ရက်တွင်လည်းကောင်း၊ စတုတ္ထအသုတ်တွင် မတ်ထရစ်တန် (၄၅,၀၀၀) ကို ၁၄-၄-၂၀၂၅ ရက်တွင်လည်းကောင်း၊ ပဉ္စမအသုတ်တွင် မတ်ထရစ်တန် (၄၅,၀၀၀) ကို ၁၄-၇-၂၀၂၅ ရက်တွင်လည်းကောင်း အသီးသီးခွင့်ပြုပေးသွားမည်ဖြစ်သည်။ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမအသုတ် တို့တွင် ခွင့်ပြုသည့် Specialty Sugar သည် Organic သကြားနှင့် အမေရိကန်နိုင်ငံတွင် စီးပွားဖြစ်ရောင်းချရန် မထုတ်လုပ်နိုင်သေးသော (သို့မဟုတ်) ပြည်တွင်း၌ မထုတ်လုပ်နိုင်သောသကြားများကို တင်သွင်းခွင့်ပြုသွားမည် ဖြစ်ပါသည်။

၇။ TRQs အောက်မှ တင်သွင်းမည့် သကြားပါဝင်သည့်ထုတ်ကုန် (၆၄,၇၀၉) မက်ထရစ်တန်နှင့် ပတ်သက်၍ အမေရိကန်နိုင်ငံစည်းဝါးညီအကောက်ခွန်စနစ် (Harmonized Tariff Schedule of US) ၏ အခန်း(၁၇)ပါ မှတ်စု(၈)နှင့်အညီ တင်သွင်းရန်နှင့် အမေရိကန်ကုန်သွယ်မှု ကိုယ်စားလှယ်ရုံးအနေဖြင့် (၅၉,၂၅၀) မက်ထရစ်တန်ကို ကနေဒါနိုင်ငံမှ တင်သွင်းသွားရန် ခွဲဝေသတ်မှတ်ထားပြီး ကျန်ရှိသော (၅,၄၅၉) မက်ထရစ်တန်ကို အခြားနိုင်ငံများအား ဦးရာနိုင်ငံစနစ်ဖြင့် တင်သွင်းခွင့်ပြုသွားမည်ဖြစ်သည်။

၈။ ၂၀၂၄ ဘဏ္ဍာနှစ်အတွက် ကြံသကြားကုန်ကြမ်း (Raw Cane Sugar)၊ သန့်စင်ပြီးသကြား (Refined and Specialty Sugar) နှင့် သကြားပါဝင်သောထုတ်ကုန်များ (Sugar-Containing Products) TRQs အောက်မှ တင်သွင်းခွင့်ကို ၁-၁၀-၂၀၂၄ ရက်မှစ၍ တင်သွင်းနိုင်ကြောင်း ဖော်ပြထားသည်။

၉။ WTO အဖွဲ့ဝင်နိုင်ငံများသည် စိုက်ပျိုးရေးထုတ်ကုန်များအပေါ် TRQs သတ်မှတ်ချက်ဖြင့် တင်သွင်းခွင့်ပြုလျက်ရှိရာ အမေရိကန်နိုင်ငံသည် ၂၀၀၀ ပြည့်နှစ်မှစ၍ TRQs သတ်မှတ်ချက်ဖြင့် သန့်စင်ပြီးသကြားနှင့် သကြားကုန်ကြမ်းများကို နှစ်အလိုက်တင်သွင်းခွင့်ပြုခဲ့ပြီး တင်သွင်းသည့် သကြားသွင်းကုန်များမှာ ကြံသကြားကုန်ကြမ်းများဖြစ်ကြောင်းနှင့် အမေရိကန်နိုင်ငံအနေဖြင့် ကြံသကြား ကုန်ကြမ်း TRQs သတ်မှတ်ချက်ကို နိုင်ငံပေါင်း (၄၀) ခန့်ကို ခွဲဝေသတ်မှတ်ပေးလျက် ရှိပြီး အဆိုပါနိုင်ငံများတွင် အာဆီယံနိုင်ငံများအနက် ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံတို့ပါဝင်ကြောင်း တွေ့ရှိရသည်။